ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး

၁၁ ရက်မြောက်နေ့ အစီအစဉ်

[ ၁၆ – ၃ – ၂၀၁၁ ]

(ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်သိန်း၊ ရှာင် မဲဆန္ဒနယ်၏ အောင်ပန်း–ဟန်မြင့်မိုရ် လမ်း အဆင့်မြှင့် ပြင်ဆင်ပေးရန် အစီအစဉ် နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးကျော်စိုးလေး၊ မိုးညှင်း မဲဆန္ဒနယ်၏ မန္တလေး–ရွှေဘို– မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးကို ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးထွန်းထွန်း၊ မံစီ မဲဆန္ဒနယ်၏ မန္တလေး–ဗန်းမော် မော်တော် ကားလမ်းကို ပြုပြင်မွမ်းမံထိန်းသိမ်းပေးခြင်းနှင့် အဆင့်မြှင့်တင် ပေးခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးယွေ့ဆွီဇွေ့၊ ပူတာအို မဲဆန္ဒနယ်၏ ဆွမ်ပရာဘွမ်နှင့် ပူတာအို အကြား မော်တော်ကားလမ်းကို ရာသီမရွေး သွားလာနိုင်ရန် မည်သို့စီမံထားရှိသည်ကို သိလိုကြောင်း နှင့်စပ်လျဉ်းသည့်မေးခွန်း။

( င ) စိုင်းဝင်းခိုင်၊ သိန္နီ မဲဆန္ဒနယ်၏ ရာသီအလိုက်သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းချခွင့် နှင့်စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်၏ "ပင်စင်လစာငွေများကို နှုန်းအလိုက် ကွဲပြားစွာ ခံစားနေရသည့်အတွက် ယခုခေတ်ကုန်ဈေးနှုန်းနှင့် အလွန် ကွာဟနေသောကြောင့် ပင်စင်လစာများကို အဆင့်နှစ်ဆင့် သို့မဟုတ် အဆင့် သုံးဆင့် စဉ်းစားခွဲခြားထုတ်ပေးပါရန်နှင့် အသက်အုပ်စုအလိုက် စိစစ် ပြဋ္ဌာန်းပေးပါရန်" အဆိုကို အောက်ပါကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးခင်မောင်ဝင်း၊ လမ်းမတော် မဲဆန္ဒနယ်။

( ခ ) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်။

( ဂ ) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်။

(ဃ) ဦးသာစိန်၊ ကျောက်တော် မဲဆန္ဒနယ်။

( င ) ဦးမောင်လှ(ခ)ဦးလှမြင့်၊ ပုလော မဲဆန္ဒနယ်။

၇။ ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ "တောင်သူလယ်သမားများ၏ ထွက်ကုန် သီးနှံများကို တည်ငြိမ်သောဈေးရရှိစေခြင်းငှာ သင့်တင့်သောထိန်းသိမ်းခ သတ်မှတ်၍အစိုးရနှင့် ပုဂ္ဂလိကတို့ထံ တရားဝင်အပ်နှံထားခွင့်ပြုရေး ဥပဒေ တစ်ရပ်ပြဋ္ဌာန်းပေးရန်" အဆိုကို အောက်ပါကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမျိုးသန့်၊ ရေတာရှည် မဲဆန္ဒနယ်။

( ခ ) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်။

( ဂ ) ဦးစောသိန်းအောင်၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်။

(ဃ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်။

၉။ ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် ပြည်သူ့ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ဦးမောင်ညို၊ စစ်တွေ မဲဆန္ဒနယ်၏ " မဟာဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားရရှိထားပြီးသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များ နည်းတူ မရရှိသေးသည့် အချို့သော တိုင်းဒေသကြီးများ နှင့် ပြည်နယ်များ၌ လျှပ်စစ်မီတာခနှုန်းထားများကို တစ်ပြေးညီနှုန်းထားဖြင့် ကောက်ခံခြင်းပြုပါရန်" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၁။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၂။ ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်၏ "အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၃။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၄။ ဦးပွင့်ဆန်း၊ မရမ်းကုန်း မဲဆန္ဒနယ်၏ "နိုင်ငံတကာအဆင့်မီ လူမှုဖူလုံရေး ဥပဒေ သစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၅။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။